## အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒ

အမ်ချမ်မြန်မာ ("အမ်ချမ်") သည် မြန်မာနိုင်ငံရှိ အဖွဲ့အစည်းတစ်ခု ဖြစ်သောကြောင့် အမေရိကန်နိုင်ငံ၏ U.S. Foreign Corrupt Practices Act ("FCPA") နှင့် တိုက်ရိုက် သက်ဆိုင်မှု မရှိပါ။ သို့သော် အမ်ချမ်သည် FCPA ၏ အကျိုးသက်ရောက်မှု ရှိသော အမေရိကန်နိုင်ငံသားများ (သို့) တရားဝင် အမြဲတမ်း နေထိုင်ခွင့်ရသူများကို ဝန်ထမ်းအဖြစ် ခန့်အပ်ထားပါသည်။ ထို့အပြင် အမ်ချမ်၏ အဖွဲ့ဝင် အားလုံး နီးပါးသည် FCPA ဥပဒေကို လိုက်နာရန် တာဝန်ရှိပြီး အချို့ကိစ္စရပ်များတွင် AMCHAM ၏ ဆောင်ရွက်မှုများသည် ၎င်းတို့အပေါ် အကျိုးသက်ရောက်နိုင်ပါသည်။ အလားတူပင် အမ်ချမ်နှင့် ၎င်း၏ ဝန်ထမ်းများသည် ယင်းဥပဒေနှင့် ဥပဒေသများ တူညီသော သက်ဆိုင်ရာ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေများကို လိုက်နာရန် တာဝန်ရှိပါသည်။ တံစိုး လက်ဆောင်များနှင့် လာဘ်ပေးလာဘ်ယူ မှုများကို ဥပဒေအရ တင်းကျပ်စွာ တားမြစ်ထားပြီး ၎င်းတို့သည် ပြစ်မှုကျူးလွန်မှု မြောက်ပါသည်။ ဤအချက်များကြောင့် အမ်ချမ်သည် အဂတိ လိုက်စားမှု တိုက်ဖျက်ခြင်းနှင့် ပတ်သက်သော တာဝန်များကို အလွန် အလေးအနက်ထားပါသည်။

### *အဂတိလိုက်စားမှုတိုက်ဖျက်ရေးအပေါ် သဘောထားထုတ်ပြန်ချက်*

အမ်ချမ်မြန်မာ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်သော အထက်ပါ မူဝါဒကို ကောင်းစွာ ဖတ်ရှုပြီးဖြစ်၍ နားလည် သဘောပေါက်ပြီးဖြစ်ကြောင်း လက်မှတ် ရေးထိုးအတည်ပြုအပ်ပါ သည်။

______________________

လက်မှတ်

______________________

*အမည်နှင့် ရက်စွဲ*

| **အတည်ပြုသည့်ရက်စွဲ** | **နောက်တစ်ကြိမ် ပြန်လည်စိစစ်ရမည့်ရက်စွဲ** | **စိစစ်ပြီး** | **ဦးဆောင်စိစစ်သူများ** | **လိုက်နာရမည့် ပုဂ္ဂိုလ်များ** |
|---|---|---|---|---|
| ဇွန်လ ၁၆၊ ၂၀၂၂ | ဒီဇင်ဘာ ၂၀၂၆ | | အမှုဆောင် ဒါရိုက်တာ၊ အတွင်းရေးမှူး | အဖွဲ့ဝင်များ၊ ဝန်ထမ်းများ။ စီမံအုပ်ချုပ်သူများ |